**Joint Statement of Cooperation on Independent Media Policies**
**by Independent Press Council Myanmar (IPCM) and**
**Karen National Union (KNU)**

**7 August 2024**

Senior representatives of the Independent Press Council of Myanmar (IPCM) and the Karen National Union (KNU) met to discuss independent media policies at the KNU Headquarters on 6 August 2024.

The meeting was led by the KNU's vice chairman, Joint secretary #2, and spokesperson, together with the Public Relation and Information Dissemination (PRID) team. IPCM's executive council team was led by the chairperson, secretary, and joint secretary.

We agreed following issues:

1) Both parties acknowledged KNU regulations concerning interaction with independent media houses and IPCM's code of conduct (COC).

2) The KNU explained that their recently announced media regulations were not intended to exert influence or control over media but to facilitate interaction in a proper way.

3) KNU emphasised that the organisation will follow with responsibility international practices as outlined in the United Nations Universal Declaration of Human Right (UDHR Article 19) concerning freedom of expression and access to information.

4) Both parties agreed to respect KNU security concerns and media houses safety and independent role.

5) KNU and IPCM agreed to settle any media-related disputes should they arise in any KNU-controlled area through negotiation and cooperation.

6) We agreed to promote media development, and media and information literacy (MIL) in KNU-controlled areas to enhance future cooperation.

For further information:
Contact (Signal):

**KNU (Spokesperson)** +66807174043
**IPCM (Secretary)** +66806834043

# လွတ်လပ်သောမြန်မာသတင်းမီဒီယာကောင်စီ (IPCM) နှင့်
# KNU - ကရင်အမျိုးသားအစည်းအရုံး
# ပူးတွဲထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ် (၇)

လွတ်လပ်သော မြန်မာသတင်းမီဒီယာကောင်စီ (**IPCM**) နှင့် **KNU** - ကရင်အမျိုးသားအစည်းအရုံး တို့ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့တွင် KNU နယ်မြေ၌ သတင်းမီဒီယာမူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးမှုတခုကို ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် **KNU**-ကရင်အမျိုးသားအစည်းအရုံးဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) နှင့် ပြောရေးဆိုခွင့်ရှိသူတစ်ဦးတို့ ဦးဆောင်သည့် **KNU** ပြည်သူ့ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး (**PRID**) နှင့် လွတ်လပ်သော မြန်မာသတင်းမီဒီယာကောင်စီ **(IPCM)** မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ပါဝင်ခဲ့ကြသည်။

၎င်းနှစ်ဖက် တွေ့ဆုံဆွေးနွေးပွဲမှ အောက်ပါအချက်များအား ညှိနှိုင်းဆွေးနွေးသဘောတူညီခဲ့ကြသည်။

- **KNU** ၏ သတင်းမီဒီယာသမားများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် **IPCM** မှ ထုတ်ပြန်ထားသော လိုက်နာရမည့် သတင်းမီဒီယာကျင့်ဝတ်ဆိုင်ရာ အချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။
- ထုတ်ပြန်ထားသော သတင်းမီဒီယာဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ သတင်းမီဒီယာများအပေါ် ထိန်းချုပ်လိုခြင်းမဟုတ်ဘဲ အဆင်ပြေထိရောက်စွာ သတင်းရယူရန်အတွက်သာ ရည်ရွယ်ကြောင်း **KNU** က ရှင်းလင်းပြောဆိုခဲ့သည်။

- **KNU** အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ သတင်းရယူခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လေးစားသည့်အလျောက် သတင်းရယူခွင့်ကို တာဝန်ယူမှု တာဝန်ခံမှုဖြင့် ခွင့်ပြုမည်ဆိုသည်ကို ဆွေးနွေးခဲ့ကြသည်။
- သတင်းမီဒီယာသမားများ၏ လွတ်လပ်လုံခြုံစွာ သတင်းရယူခွင့်နှင့် **KNU** ၏ စစ်ရေးလုံခြုံမှုဆိုင်ရာကိစ္စရပ်များကိုလည်း အလေးထားဆောင်ရွက်သွားရန် အပြန်အလှန်ဆွေးနွေး သဘောတူခဲ့ကြသည်။
- **KNU** ထိန်းချုပ်နယ်မြေများအတွင်း သတင်းရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်းမီဒီယာဆိုင်ရာ အငြင်းပွားမှု တစ်စုံတရာ ဖြစ်လာပါက **KNU** နှင့် **IPCM** တို့ ပူးတွဲ ညှိနှိုင်းအဖြေရှာရန် ဆုံးဖြတ်ခဲ့ကြသည်။
- ထို့အပြင် မီဒီယာဖွံ့ဖြိုးရေးနှင့် သတင်းမီဒီယာသိနားလည်မှု **(Media and Information Literacy-MIL)** မြှင့်တင်ရေးများအား ရေရှည်လုပ်ငန်းစဉ်အဖြစ် ပူးပေါင်းဆောင်ရွက်ရန်လည်း ညှိနှိုင်းဆွေးနွေး သဘောတူခဲ့ကြသည်။

**ဆက်သွယ်ရန်**

ပြောရေးဆိုခွင့်ရှိသူ (KNU) - +၆၆၈၀၇၁၇၄၀၄၃
အတွင်းရေးမှူး (IPCM) - +၆၆ ၀၈၀၆၈၃၄၂၄၀